## Anti–Money Laundering and Combating the Financing of Terrorism (AML/CFT) ဆိုင်ရာ သင်တန်းများပို့ချခြင်း

စထာပါနာလီမိတက်အနေဖြင့် AML/CFT ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သတ်၍ In-house သင်တန်းပို့ချမှုများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျှက်ရှိပြီး ၎င်းသင်တန်းပို့ချမှုများအနေဖြင့် အသစ်ဝင်ရောက်လာသည့် ဝန်ထမ်းအသစ်များအတွက် “Awareness on AML/CFT” ခေါင်းစဉ်ဖြင့် New Recruitment Training (NRT) သင်တန်းတွင်လည်းကောင်း၊ စီမံခန့်ခွဲမှုအဆင့်ဝန်ထမ်းများအတွက် “Effective Risk Management on AML/CFT” ခေါင်းစဉ်ဖြင့် Effective Branch Management Training (EBM) တွင်လည်းကောင်း ၂၀၂၀ ပြည့်နှစ် ဇွန်လမှ စတင်၍ သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းများတွင် သင်ကြားပို့ချပေးမှုများအနေဖြင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (Financial Regulatory Department-FRD)၊ မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Myanmar Financial Intelligence Unit-MFIU) နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်အကြမ်းဖက်မှုအားထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)၊ လူအများအပြားကိုသေကြေစေနိုင်သည့် လက်နက်များပြန့်ပွားရေးအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Countering the Financing of Proliferation of Weapons of Mass Destruction)၊ နိုင်ငံရေးအရသြဇာတိက္ကမရှိသူများ (Politically Exposed Persons-PEP)၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ (Beneficial Owners-BO) တို့နှင့်ပတ်သတ်၍ လိုက်နာစိစစ်ရမည့် အချက်များ၊ သိသင့်သိထိုက်သည့် အကြောင်းအရာများနှင့် စထာပါနာလီမိတက်၏ AML/CFT ဆိုင်ရာမူဝါဒများနှင့် ပတ်သတ်၍ သိသင့်သိထိုက်သည့်အချက်အလက်များကို ဝန်ထမ်းများအား ယင်းသင်တန်းများမှတစ်ဆင့် AML/CFT ဆိုင်ရာ အသိပညာပေးခြင်းများအား လုပ်ဆောင်လျှက်ရှိပါသည်။ ထို့အပြင် AML/CFT ဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ ကိုလည်း စထာပါနာလီမိတက်၏ ဝန်ထမ်းများ သိရှိလိုက်နာနိုင်စေရန်အတွက်လည်း အဆိုပါသင်တန်းများမှတစ်ဆင့် လိုအပ်သလို အသိပညာမျှဝေခြင်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**စထာပါလီမိတက်မှ New Recruitment Training (NRT) နှင့် Effective Branch Management Training (EBM) တို့တွင် AML/CFT ဆိုင်ရာသင်တန်းများအား နှစ်အလိုက်ပို့ချမှုအကြိမ်အရေအတွက်ပြဇယား**

| New Recruitment Training (NRT) | |
|---|---|
| **Year** | **Frequency** |
| 2026 | 6 (As of Aug 2026) |
| 2025 | 7 |
| 2024 | 8 |
| 2023 | 8 |
| 2022 | 8 |
| 2021 | 8 |
| 2020 | 3 |

| Effective Branch Management Training (EBM) | |
|---|---|
| **Year** | **Frequency** |
| 2026 | 2 (As of Aug 2026) |
| 2025 | 3 |
| 2024 | 3 |
| 2023 | 3 |
| 2022 | 3 |
| 2021 | 4 |
| 2020 | 1 |

# AML/CFT သင်တန်းကို Online ဖြင့်လေ့ကျင့်သင်ကြားပေးနေမှု

